# Twenty-Ninth Sunday in Ordinary Time (October 19, 2014)

**1st READING:** ***Isaiah 45:1, 4-6***

ယေရှာယအနာဂတ္တိကျမ်း ၄၅း ၁၊ ၄–၆

အကြင်သူ၏ရှေ့မှာအပြည်ပြည်တို့ကိုနှိမ့်ချ၍၊ ရှင်ဘုရင်တို့ကိုတန်ဆာချွတ်လျက်၊ အတွင်းတံခါးတို့ကိုမပိတ်ရဘဲ၊ နှစ်ရွက်ရှိသောတံခါးကိုဖွင့်ခြင်းငှာ၊ အကြင်သူ၏လက်ျာလက်ကိုငါထောက်မ၏။ ထိုသူတည်းဟူသောကုရုမင်း၊ ထာဝရဘုရားပေးတော်မူ၍ဘိသိက်ခံသောမင်းအားမိန့်တော်မူသည်ကား၊ ငါ့ကျွန်ယာကုပ်၊ ငါရွေးကောက်သောသူဣသရေလအတွက်၊ ငါသည်သင့်ကိုနာမည်ဖြင့်ခေါ်၏။ သင်သည်ငါ့ကိုမသိသော်လည်း၊ သင်၌နာမည်သစ်ကိုထပ်၍ပေးမည်။ ငါတပါးတည်းသာထာဝရဘုရားဖြစ်၏။ ငါမှတပါးအခြားသောဘုရားသခင်မရှိ။ သင်သည်ငါ့ကိုမသိသော်လည်း၊ သင်၏ခါးကိုငါစည်း၏။ သို့ဖြစ်၍ငါမှတပါးအခြားသောဘုရားမရှိ၊ ငါတပါးတည်းသာထာဝရဘုရားဖြစ်ကြောင်းကို၊ နေထွက်ရာအရပ်သားနှင့်အနောက်မျက်နှာသားတို့သည် သိရကြလိမ့်မည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  96: 1,3,4-5,7-8,9-10

ဆာလံကျမ်း ၉၆

**သံပြိုင်။** ။ ဘုရားသခင်အားဂုဏ်ပြုချီးမွမ်းကြလော့။

R/ (7b) **Give the Lord glory and honor.**

၁။ ထာဝရဘုရားအားသီချင်းသစ်ကိုသီဆိုကြလော့။ ကမ္ဘာမြေကြီးသားအပေါင်းတို့ထာဝရဘုရားအားသီဆိုကြေးကြလော့။ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုလူမျိုးတကာတို့အလယ်တွင်လည်းကောင်း၊ကိုယ်တော်၏အံ့ဩဖွယ်ရာအမှုတော်တို့ကိုလူအပေါင်းတို့အလယ်တွင်လည်းကောင်း၊ထုတ်ဖော်ကြေညာကြလော့။ **သံပြိုင်။**

Sing to the LORD a new song; sing to the LORD, all you lands. Tell his glory among the nations; among all peoples, his wondrous deeds.

၂။အကြောင်းမူကားထာဝရဘုရားသည်ကြီးမြတ်တော်မူ၍ချီးမွမ်းခြင်းကိုအလွန်ခံထိုက်လှပေ၏ ။ဘုရားတကာတို့ထက်ကြောက်ရွံ့ရိုသေခြင်းကိုခံထိုက်တော်မူ၏ ။တစ်ပါးအမျိုးသားတို့၏ဘုရားရှိသမျှတို့သည်ရုပ်တုများသာဖြစ်ကြ၏ ။ထာဝရဘုရားမူကားကောင်းကင်ယံတို့ကိုဖန်ဆင်းတော်မူ၏ ။လူမျိုးနွယ်ဝင်အပေါင်းတို့ထာဝရဘုရားကိုသိမှတ်ဝန်ခံကြလော့။ထာဝရဘုရား၏ဘုန်းဂုဏ်တော်နှင့်ခွန်အားတန်ခိုးတော်ကိုသိမှတ်ဝန်ခံကြလော့။ထာဝရဘုရား၏နာမတော်နှင့်ထိုက်တန်သောဘုန်းဂုဏ်တော်ကိုသိမှတ်ဝန်ခံကြလော့။ပူဇော်သက္ကာကိုယူဆောင်လာ၍ထာဝရဘုရား၏နန်းတော်တွင်းသို့ဝင်ကြ လော့။ **သံပြိုင်။** ။

For great is the LORD and highly to be praised; awesome is he, beyond all gods. For all the gods of the nations are things of nought, but the LORD made the heavens. Give to the LORD, you families of nations, give to the LORD glory and praise; give to the LORD the glory due his name! Bring gifts, and enter his courts.

၃။ ထာဝရဘုရားအား သန့်ရှင်းသောဘုန်းအသရေတော်၌ စံပယ်တော်မူသောထာဝရဘုရားအားဝတ်ပြုကိုးကွယ်ကြလော့။မြေကြီးသားအပေါင်းတို့ကိုယ်တော်၏ရှေ့တော်၌ကြောက်ရွံ့တုန်လှုပ်ကြလော့။ထာရဘုရားသည်စိုးစံတော်မူသည်ဟုလူမျိုးတကာတို့အလယ်တွင်ပြောကြလော့။ကမ္ဘာမြေကြီးကိုခိုင်မြဲစွာတည်ဆောက်ထားသည်ဖြစ်၍ ရွေ့လျား၍မရနိုင်ချေ ကိုယ်တော်သည် လူအပေါင်းတို့အားတရားမျှတစွာစီရင်တော်မူလိမ့်မည်။ **သံပြိုင်။** ။

Worship the LORD, in holy attire; tremble before him, all the earth; say among the nations: The LORD is king, he governs the peoples with equity.

**2nd READING:** ***1 Thessalonians 1:1-5b***
သက်ဆာလောနိကဩဝါဒစာပထမစောင် ၁း ၁–၅

ပေါလု၊ဆီဗာနုနှင့်တိမောသေဦးတို့မှ ခမည်းတော်ဘုရားနှင့်ယေရှုသခင်၏လူမျိုးတော်ဖြစ်သည့်သက်ဆာလောနိကမြို့ရှိအသင်းတော်ဝင်တို့ထံ စာရေးလိုက်ပါသည်။ ညီအစ်ကိုတို့ငါတို့သည်သင်တို့အတွက်အဖဘုရားသခင်အားအစဉ်ကျေးဇူးတင်ကြလျက်ငါတို့၏ဆုတောင်းမေတ္တာပြုခြင်း၌လည်း၊ သင်တို့ကိုအောက်မေ့သတိရကြပါသည်။ ငါတို့အဖဘုရားသခင်၏ရှေ့မှောက်တော်၌သင်တို့၏ယုံကြည်သောစိတ်နှင့်ကျင့်ကြံလုပ်ဆောင်မှုများ၊ကရုဏာမေတ္တာလုပ်ငန်းများ ယေရှုသခင်ကိုစောင့်မျှော်ရာ၌သင်တို့၏တည်ကြည်မှုတို့ကိုအစဉ်သတိရ၍ကျေးဇူးတော်ကိုချီးမွမ်းကြ၏။ ညီအစ်ကိုတို့ဘုရားသခင်သည်သင်တို့ကိုချစ်တော်မူ၍ရွေးကောက်တော်မူကြောင်းကိုငါတို့သိ၏။ အဘယ်ကြောင့်ဆိုသော်ငါတို့သည်ဧဝံဂေလိတရားတော်ကိုသင်တို့၌စကားသက်သက်ဖြင့်သာမဟုတ်ဘဲ၊ တန်ခိုးတော်နှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ထိုတရားတော်မှန်ကန်ကြောင်းကိုမုချယုံကြည်သောစိတ်နှင့်လည်းကောင်း၊ သင်တို့အားဟောပြောသောကြောင့်ဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 22:15-21***
ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၂း ၁၅–၂၁

ထိုနောက်ဖါရိရှဲဦးတို့သည် ထွက်သွားပြီးလျှင် ကိုယ်တော်၏ စကားအပေါ်မည်သို့အပြစ်ရှာရမည်ကိုတိုင်ပင်ကြ၏။ သူတို့သည်မိမိတို့တပည့်များကိုဟေရုဒ်၏ဘက်တော်သားများနှင့်အတူအထံတော်သို့စေလွှတ်ကြ၍ဆရာသခင်၊ ကိုယ်တော်သည်သစ္စာသမာဓိရှိသူဖြစ်ပြီးလူမျက်နှာကိုမထောက်၊ မျက်နှာလိုက်ခြင်းမရှိဘဲအဆင့်အတန်းလည်းမခွဲခြားဘဲ ဘုရားသခင်၏ တရားလမ်းတော်ကိုမှန်ကန်စွာသွန်သင်တော်မူသောသူဖြစ်ကြောင်းကိုကျွန်တော်တို့သိရှိကြပါ၏။ သို့ဖြစ်၍ကိုယ်တော်သည်မည်သို့ထင်မြင်တော်မူပါသနည်း။ ဆီဇာဘုရင်အားအခွန်တော်ဆက်သအပ်သလောမဆက်သအပ်သလောဟုမေးလျှောက်ကြ၏။ယေရှုမူကား၊ ထိုသူတို့၏ဆိုးညစ်သောအကြံအစည်ကိုသိမြင်တော်မူသဖြင့်မိန့်တော်မူသည်ကား၊သူတော်ကောင်းယောင်ဆောင်သူတို့အဘယ်ကြောင့်ငါ့ကိုကောက်ကျစ်စွာစမ်းသပ်ကြသနည်း။ အခွန်ဆောင်သောငွေတစ်ပြားကိုပြကြလော့ဟုမိန့်တော်မူ၏။ ထိုသူတို့သည်လည်းဒေဏာရီတစ်ပြားကိုထုတ်ပေးကြ၏။ သခင်ယေရှုကလည်းဤပုံနှင့်ဤကမ္ပည်းစာသည်မည်သူ၏ပုံနှင့်ကမ္ပည်းစာဖြစ်သနည်းဟုမေးတော်မူ၏။ ထိုသူတို့ကလည်းဆီဇာဘုရင်၏ပုံနှင့်ကမ္ပည်းစာဖြစ်ပါသည်ဟုလျှောက်ကြ၏။ ယေရှုက၊ သို့ဖြစ်လျှင်ဆီဇာနှင့်ဆိုင်ရာကိုဆီဇာအား၊ ဘုရားသခင်နှင့်ဆိုင်ရာကိုဘုရားသခင်အားပေးဆက်ကြလော့မိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။